# MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.

No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616


## မြန်မာအက်ဂရိ အိတ်(စ်)ချိန်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၁၇-၈-၂၀၂၂ နေ့တွင်ကျင်းပပြုလုပ်သည့်ဆဋ္ဌမ အကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များအား အသိပေးကြေညာပြီးဖြစ်သည့် ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်များအတွက် ခွဲဝေပေးမည့် အမြတ်ဝေစုများအား ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ် အသိပေးကြေညာချက်

၁။ (၁၇-၆-၂၀၂၂)ရက်နေ့ရှိ အစုရှယ်ယာရှင်မှတ်တမ်း တွင် ပါရှိသည့် အစုရှယ်ယာရှင်များ၏ ၁၀၀၀ ကျပ်တန် အစုရှယ်ယာ တစ်စု လျှင် အမြတ်ဝေစု (၁၂၀) ကျပ်နှုန်းဖြင့် အစုရှယ်ယာ အမြတ်ဝေစုများကို (၂၉.၈.၂၀၂၂) (တနင်္လာ) နေ့တွင် စတင် ထုတ်ပေးမည် ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

၂။ အမြတ်ဝေစုငွေများအား KBZ , AYA , AGD , CB နှင့် UAB စသည့် Bank Account များ နှင့် KPay ဖြင့်လည်းကောင်း၊ Wave Money ဖြင့်လည်ကောင်း အစုရှယ်ယာရှင်များထံသို့ ငွေလွှဲ ပေးပို့မည် ဖြစ်ပါသည်။

၃။ အစုရှယ်ယာရှင်များထံသို့ အမြတ်ဝေစု ထုတ်ပေးနိုင်ရန် အစုရှယ်ယာရှင်များသည် **အောက်ပါ အချက်အလက် များ အပြည့်အစုံကို ထင်ရှားစွာ ဓါတ်ပုံရိုက်၍ အစုရှယ်ယာရှင်၏ အီးမေး(သို့မဟုတ်)ဖုန်း Viber ဖြင့် MAEX ရုံးချုပ် Email သို့မဟုတ် Viber ဖုန်းနံပါတ် သို့ ကြိုတင်ပေးပို့ရန်လိုအပ်ပါမည်။**

**(က) အစုရှယ်ယာရှင်ပိုင်ဆိုင်မှုမှတ်တမ်း Share Certificate (ရှေ့/နောက်)။**

**(ခ) အစုရှယ်ယာရှင်၏ မှတ်ပုံတင် (ရှေ့/နောက်)၊**

**(ဂ) အမြတ်ဝေစုလွှဲပို့ပေးရမည့် ဘဏ်စာရင်းအမှတ် (သို့) Pay နံပါတ် /အမည်၊**

**(ဃ) ပေးပို့ရမည့် MAEX ရုံးချုပ်** အီးမေး <ho@maex.com.mm>

**Viber Phone No. 09 889955485, 09 885522033**

၄။ အစုရှယ်ယာအနည်းစုပိုင်ဆိုင်သည့် အစုရှင်များအဆင်ပြေစေရန်အတွက် **အစုရှယ်ယာ ၁ စု မှ ၁၀၀၀၀ စုထိ** ပိုင်ဆိုင်သော အစုရှယ်ယာရှင်များအနေဖြင့် အပိုဒ်(၂)ပါနည်းအတိုင်း ဘဏ်မှငွေလွှဲစနစ်ဖြင့် ထုတ်ယူနိုင်သည့်အပြင် အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုအား MAEX ရုံးချုပ်တွင် ကိုယ်တိုင် လာရောက် ထုတ်ယူလိုပါက ရှယ်ယာရှင်ပိုင်ဆိုင်မှုမှတ်တမ်း၊ အစုရှယ်ယာရှင်၏ မှတ်ပုံတင်တို့အား မူရင်းနှင့် မိတ္တူ တစ်စုံစီဖြင့် လာရောက် ထုတ်ယူနိုင်ပါသည်။ **(မိတ္တူ တစ်စုံအား မဖြစ်မနေ ယူဆောင်လာရမည်ဖြစ်ပါသည်)**

၅။ ရန်ကုန်မြို့တွင်းရှိ ဘဏ်စာရင်းများသို့ ငွေလွှဲခြင်းအတွက် ငွေလွှဲခများကို ကုမ္ပဏီမှကျခံပေးမည်ဖြစ်ပြီး ၊ နယ်မြို့များ ရှိဘဏ် စာရင်း များသို့ ငွေလွှဲပေးခြင်း၊ မှတ်ပုံတင်ဖြင့် Bank မှ ငွေလွှဲပေးခြင်း နှင့် Pay နံပါတ်များဖြင့် ငွေလွှဲပေးခြင်းများ အတွက် ငွေလွှဲခများကို အစုရှယ်ယာရှင်မှ ကျခံရပါမည်ဖြစ်ပါသည်။

၆။ တည်ဆဲဝင်ငွေခွန် ဥပဒေအရ ရရှိမည့် အမြတ်ဝေစုအပေါ်တွင် ဝင်ငွေခွန်ထပ်မံ ပေးဆောင်ရန် မလိုပါ။

( မှတ်ချက် - လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် ဘဏ်မှ ငွေလွှဲပေးပို့ရာတွင် အချိန်အနည်းငယ် နောက်ကျမှုများ ရှိနိုင်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။)

ဒါရိုက်တာအဖွဲ့

မြန်မာအက်ဂရိ အိတ်(စ်)ချိန်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်